Ministry for Ethnic Communities
Te Tari Mātāwaka

# အစိုးရဝန်ဆောင်မှုများသို့ ဖုန်းခေါ်ရာတွင် ဘာသာစကား အထောက်အကူ

သင်သည် အစိုးရအဖွဲ့တစ်ခုသို့ ဖုန်းဆက်ရာတွင် ဘာသာစကား အထောက်အကူလိုပါက ဘာသာပြန်ကို တောင်းဆိုပါ။

ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေရန် ပြုလုပ်ပေးရမည်မှာ အစိုးရအဖွဲ့၏ တာဝန်ဖြစ်သည်။
၎င်းတွင် လူထုအတွက် ဘာသာပြန်များ **အခမဲ့** ထားရှိပေးခြင်းလည်း ပါဝင်ပါသည်။

## ဘာသာပြန် ဘယ်လိုရယူမလဲ

1. အစိုးရအဖွဲ့သို့ ဖုန်းခေါ်ပါ။
2. ဘာသာပြန်တောင်းဆိုပါ၊ ဖုန်းကိုင်သူအား သင်ပြောဆိုသည့် ဘာသာစကား အမည်ကို ပြောပြပါ။ သင့်အနေဖြင့် အင်္ဂလိပ်လို မေးရန် လိုပါလိမ့်မည်။ ထို့ကြောင့် သင်ဖုန်းမခေါ်မီတွင် ‘interpreter’ ဆိုသည့် အင်္ဂလိပ်စကားလုံး နှင့် သင့်ဘာသာစကား၏ အင်္ဂလိပ်အမည်တို့ကို လေ့ကျင့်ပြောဆိုထားပါ။
3. သင့်ကို စောင့်ဆိုင်းရန် ပြောပါလိမ့်မည်။ ဖုန်းကိုင်ထားပါ။ - **ဖုန်းမချ** ပါနှင့်။
4. ဘာသာပြန်သူ ရှိနေပါက သင့်ကိုကူညီဖို့ ရောက်လာပါလိမ့်မယ်။ အစိုးရအဖွဲ့ များအနေနှင့် အချို့ဘာသာစကားများအတွက် ဘာသာပြန်များကို ကြိုတင်စီစဉ်ထားရန် လိုနိုင်ပါသည်။

သင်သည် ဘာသာပြန်ကို မျက်နှာချင်းဆိုင် သို့မဟုတ် ဗီဒီယိုကွန်ဖရန့် ဆွေးနွေး ပွဲများတွင် လိုအပ်ပါက သင့်အတွက် ဘာသာပြန် ရနိုင်ရန် အစိုးရအဖွဲ့ထံ ကြိုတင်ပြီး အီးမေးလ်ပို့ပါ။

---

အစိုးရအဖွဲ့ကောင်စီအများအပြားသင် သင့်အတွက် ဘာသာပြန် စီစဉ်ပေး နိုင်ပါသည်။ စာရင်းအပြည့်အစုံကိုကြည့်ရန်- **www.mbie.govt.nz/language-assistance-services/participating-agencies**

အစိုးရဘာသာပြန် ဝန်ဆောင်မှုများနှင့် ပတ်သတ်ပြီး မေးမြန်းလိုသည် သို့မဟုတ် ပြဿနာရှိပါက အီးမေးလ်ပို့ရန်
**info@ethniccommunities.govt.nz**

Burmese